# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

## NATIONAL COUNCIL OF THE UNION OF BURMA

### နအဖစစ်အုပ်စု၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အမှတ် ၃/၂၀၁၀ ထုတ်ပြန်မှုအပေါ် သဘောထားထုတ်ပြန်ချက်

၁။ နအဖစစ်အုပ်စု၏ ၂၀၁၀ပြည့်နှစ် မတ်လ (၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်လိုက်သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အမှတ် **၃/၂၀၁၀** နှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ သဘောထားကို အောက်ပါအတိုင်းထုတ်ပြန်လိုက်သည်။

၂။ နအဖစစ်အုပ်စုသည် လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျနေသည့် အကျင့်စရိုက်အတိုင်း တရားမဝင်အစိုးရအနေဖြင့် ၂၀၁၀ခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲတရပ် ကျင်းပပြုလုပ်ရန်အလို့ငှာ ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်ပြီး စစ်အာဏာရှင်စနစ်သက်ဆိုးရှည်ရေးအတွက် ထင်ရာစိုင်းမည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတရပ်ကို ထပ်မံ၍ ထုတ်ပြန်လိုက်သည်။ ယင်းဥပဒေ အခန်း(၁၆)အထွေထွေခေါင်းစဉ် အပိုဒ်(၉၁– က–ခ)တို့ဖြင့် နဝတ အဖွဲ့က ထုတ်ပြန်ထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အမှတ် ၁၄/၈၉ကို ရုပ်သိမ်းလိုက်ပြီး ၁၉၉၀ပြည့်နှစ်က ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့် ယင်းရွေးကောက်ပွဲရလာဒ်များကို ဖျက်သိမ်း လိုက်ကြောင်းကို အတိအလင်း ပြောင်ကျစွာ ထုတ်ပြန်ခဲ့သည့်အပေါ် မိမိတို့အနေဖြင့် တိုင်းပြည်တခုလုံးနှင့် ပြည်သူတရပ်လုံးကိုယ်စား များစွာ စိတ်ပူပန်မှုများ ဖြစ်ခဲ့ရပါသည်။

၃။ နအဖစစ်အုပ်စုသည် တရားဥပဒေစိုးမိုးရေးကို ပြောင်ဆန့်ကျင်၊ ဒီမိုကရေစီကျင့်စဉ်ကို မျက်ကွယ်ပြု၊ တိုင်းပြည်အကျိုးနှင့် ပြည်သူ့အနာဂတ်ကို လစ်လျူရှုပြီး၊ စစ်အာဏာတည်မြဲရေး၊ စစ်အုပ်စု– လူတစုကောင်းစားရေးတို့အတွက် တပ်မတော်ကြီးကိုပါ ခုတုံးလုပ်နေသည်မှာ တနေ့ထက်တနေ့ ပိုမိုထင်ရှားလာနေပြီဖြစ်သည်။ တချိန်တည်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများကို အကြောင်းမဲ့ ပိတ်ခဲ့ရာမှ ပြန်လည်ဖွင့်ပေးကြောင်း ကြေညာလိုက်ပြန်သည်။ ပါတီတရပ်၏ ရပ်တည်ရှင်သန်လှုပ်ရှားခွင့်များကို မတရားဥပဒေများ ပြဋ္ဌာန်းပိတ်ပင်ပြီးမှ ပြန်လည်ဖွင့်ပေးခြင်းသာဖြစ်ကြောင်း ရှင်းလင်းစွာ သုံးသပ်နိုင်မည်ဖြစ်သည်။ အကျိုးထူးလာဖွယ်မရှိပေ။

၄။ ယင်းကဲ့သို့ စစ်အုပ်စု၏ မတရားဥပဒေပြဋ္ဌာန်းမှုများအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ရင်ဆိုင်သွားရန် ခွန်အားသစ်များရရှိလာသည်ဟု ဖွင့်ထုတ်ပြောဆိုလာခြင်းနှင့် အတွင်းရေးမှူးတဦးဖြစ်သည့် ဦးဝင်းတင်က ၄င်း၏ အသက်ရှစ်ဆယ်ပြည့် မွေးနေ့အမှတ်တရလက်ဆောင်အဖြစ် ပြည်သူလူထုသို့ တပ်ဆင်ပေးလိုက်သည့် **(မကြောက်တရားလက်နက်၊ သွေးစည်းညီညွတ်ရေးလက်နက်၊ စစ်အာဏာရှင် ဆန့်ကျင်ရေး၊ ရည်မှန်း၊ ပန်းတိုင်တခုတည်းချမှတ်၊ ရှေးရှု၊ ရင်ဆိုင်ချီတက်ရေးလက်နက်)** ဟူသည့် လက်နက်(၃)မျိုးကို မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အပြည့်အဝ ထောက်ခံကြိုဆိုလိုက်သည်။

၅။ တချိန်တည်းတွင် ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံးအပါအဝင်၊ တပ်မတော်သားများနှင့်တကွ အလွှာအသီးသီးရှိ လူထုလူတန်းစားအသီးသီးသို့ အထူးမေတ္တာရပ်ခံတင်ပြလိုသည်မှာ – အာဏာရှင်စစ်အုပ်စုကတော့ ထင်ရာစိုင်းနေပြီဖြစ်သည်၊ မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးရတော့မည်ဖြစ်သည်။ တိုင်းပြည်သည် စစ်အာဏာရှင်စနစ်လက်အောက်တွင် အလုံးစုံကြေပြုန်းတော့မည့်အနေအထားသို့ ရောက်ရှိတော့မည်ဖြစ်သည်ကို အထူးအလေးထားသုံးသပ်ကြရန်နှင့် မိမိတို့အနာဂတ်ပျောက်အောင်ဖန်တီးမည့် စစ်အုပ်စုကို ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ပြည်သူတရပ်လုံး၏ စုစည်းညီညွှတ်မှုစွမ်းအားဖြင့် တော်လှန်တိုက်ဖျက်ကြရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း အလေးအနက် မေတ္တာရပ်ခံတင်ပြလိုပါသည်။

၆။ တချိန်တည်းတွင် နိုင်ငံရေးပါတီအသီးသီးနှင့် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးသို့လည်း မိမိတို့အနေဖြင့် အထူးမေတ္တာရပ်ခံလိုသည်မှာ – ယနေ့အချိန်ကာလသည် တိုင်းပြည်တခုလုံးနှင့် မိမိတို့ အားလုံး၏ ဘဝအနာဂတ်အတွက် အလွန်အမင်း အရေးကြီးသည့်ကာလတရပ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း အားလုံးအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ဆက်လက်သက်ဆိုးမရှည်စေရေးအတွက် မိမိတို့အားလုံးစုစည်းညီညွှတ်စွာဖြင့် ကာကွယ်သွားကြရန်နှင့် မိမိတို့မျှော်မှန်းထားသည့် စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုသစ်ကြီးပေါ်ထွန်းလာရေးအတွက် ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အားလုံးနှင့် ခိုင်မြဲစွာ လက်ချင်းတွဲ၍ တိုက်ပွဲဝင်သွားရန် အသင့်ဖြစ်ပါကြောင်းကိုလည်း လေးစားစွာ အသိပေးတင်ပြလိုပါကြောင်း ထုတ်ပြန်လိုက်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

ရက်စွဲ – ၂၀၁၀ ခုနှစ် မတ်လ(၁၂)ရက် ။

**ဆက်သွယ်ရန်– (၆၆–၈၆၀၉ ၀၅၆၇၂၊ ( ၆၆–၈ ၁၉၅၀ ၂၁၅၈)၊ (၆၆–၈ ၁၉၅၃ ၆၁၁၄)**